**လိုက်ပါခွင့်ရလိုင်စင်မှ မင်နီမှတ်ချက်ပြု အထက်တန်းရေနေသို့ ထုတ်ပေးသည့် တာဝန်ခံ လက်မှတ် လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများပူးတွဲပါရှိရမည် -**

၁။ လျှောက်လွှာ (လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ထမ်းဆောင် ရမည်။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးသို့ လိပ်မူတင်ပြရမည်)

၂။ အထက်တန်းရှေ့နေလိုင်စင်မူရင်း။

၃။ အလုပ်ခန့်အပ်သည့်အမိန့်မိတ္တူ။

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။

**မှတ်ချက်**

၁။ ဌာနအကြီးအကဲ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်ရုံး တို့မှတစ်ဆင့် လျှောက်ထားရမည်။

၂။ တရားရုံးချုပ်၏ ၂၁-၆-၂၀၀၀ ပြည့်နှစ်ရက်စွဲပါ စာအမှတ်၊ ၄၅၁/၄-ရန(၂၀၀၀)ဖြင့် အထက်တန်းရှေ့နေမင်နီလိုင်စင် လျှောက်ထားသူများနှင့် မင်နီလိုင်စင်ပယ်ဖျက်၍ ရှေ့နေ လိုက်ပါခွင့်လိုင်စင် လဲလှယ်ခွင့်ပြုရန် လျှောက်ထားသူများသိစေရန် ကြေညာချက်တွင် ၇-၁၂-၁၉၉၉ ရက်နေ့က ကျင်းပပြုလုပ်သော တရားရုံးချုပ် တရားသူကြီးများ၏ ၁၄/၁၉၉၉ ကြိမ်မြောက်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ -

(က) အထက်တန်းရှေ့နေလိုင်စင်ကိုင်ဆောင်ပြီးနောက် ဝန်ထမ်းအဖြစ်ဖြင့် မင်နီ လိုင်စင်သို့ လဲလှယ်ရန်(၃)နှစ်နှင့်အထက် ပျက်ကွက်သူများအား မင်နီလိုင်စင် လဲလှယ်ခွင့်ပြုမည် မဟုတ်ကြောင်း၊

(ခ) မင်နီလိုင်စင်ကိုင်ဆောင်ထားပြီး ဝန်ထမ်းအဖြစ်မှ ထွက်ပြီးနောက် ရှေ့နေ လိုက်ပါခွင့်ရ လိုင်စင် လဲလှယ်ရန်(၃)နှစ်နှင့်အထက် ပျက်ကွက်သူများအား မင်နီလိုင်စင်မှ ရှေ့နေ လိုက်ပါခွင့်ရလိုင်စင်သို့ လဲလှယ်ခွင့်ပြုမည်မဟုတ် ကြောင်း ကြေညာထားပါသည်။

၃။ မိမိ၏ လိုင်စင်ကိုလည်း **ဝန်ထမ်းအဖြစ်ဖြင့် စတင်တာဝန် ထမ်းဆောင် သည့် ကာလ အထိ လိုင်စင်သက်တမ်းတိုးမြှင့်ထားပြီး** ဖြစ်ရမည်။